


# မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိပြည်သူများ၏ ခုခံတော်လှန်မှုနှင့် ကျော်လွှားနိုင်စွမ်းများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

(၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အခြေအနေများ)

# မာတိကာ


၀၃. နိဒါန်း

၀၅. ကွင်းဆင်းအဖွဲ့ဝင်များ၏ မှတ်စုများ

၀၆. မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏အခြေအနေကို ခြုံငုံသုံးသပ်ခြင်း

၁၁. စစ်ကောင်စီက ပြည်သူအပေါ်အကြမ်းဖက်တိုက်ခိုက်မှု၏ အကျိုးသက်ရောက်မှုများ

၁၂. အရေးပါသော တွေ့ရှိချက်များ

၁၆. ပြည်သူလူထု၏ ခုခံတော်လှန်မှုပုံစံများ

၂၂. လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု နှင့် အမှန်တရား ရှာဖွေရေး

၂၄. အနှစ်ချုပ်

၂၅. တိုက်တွန်းတောင်းဆိုချက်များ

# နိဒါန်း

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံတွင် ထိခိုက်ပျက်စီးမှုများ မြောက်မြားစွာ ဖြစ်ပေါ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် “လုံးဝအုပ်ချုပ်ခွင့်မရစေရ” ဟုဆိုကာ ပြည်သူလူထုကလည်း တူမတူသော ပြောင်မြောက်သည့်နည်းဗျူဟာများဖြင့် တရားမဝင်အကြမ်းဖက်စစ်ကောင်စီကို ခုခံတော်လှန်လျက်ရှိသည်။ နွေဦးတော်လှန်ရေးသည် ဒီမိုကရေစီလှုပ်ရှားမှုမူဝါဒအပေါ် အခြေခံသည်။ တိုင်းရင်းသားလူမျိုးအားလုံး နယ်ပယ်အသီးသီးမှပြည်သူများအားလုံး ပါဝင်သည်။ ဗမာစစ်တပ်က ရက်စက်ကြမ်းကြုတ်မှုနှင့် စစ်မက်ပြုမှုတို့ဖြင့် ၎င်းတို့ကို အသံတိတ်သွားစေရန် နောက်ဆုတ်သွားစေရန် ခြိမ်းခြောက်ဖြိုခွင်းသည်။ သို့သော် နောက်မဆုတ်စတမ်းသန္နိဋ္ဌာန်ချထားသည့် ခုခံတော်လှန်မှုများက ဆက်လက်တည်ရှိနေပြီး နောက်နောင်မျိုးဆက်များအနေဖြင့် စစ်အုပ်ချုပ်ရေးအောက်တွင် မည်သည့်အကြောင်းကြောင့်မျှ နေထိုင်မသွားစေရ ဟု စိတ်ပိုင်းဖြတ်ကာ အဆုံးစွန်အထိ ခုခံတော်လှန်နေကြသည်။

ခုခံတော်လှန်မှုများကို လက်နက်များ၊ အကြမ်းဖက်မှုများဖြင့် စစ်ကောင်စီက ကျယ်ကျယ်ပြန့်ပြန့်နှိမ်နင်းနေသည်။ ၎င်းတို့ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် တာဝန်ယူတာဝန်ခံရမည်ကို စစ်ကောင်စီက ကြောက်ရွံ့နေသည်။ နိုင်ငံတကာဥပဒေများ လူ့အခွင့်အရေးစံနှုန်းများဖြင့် အရေးယူခံရမည်ကို စိုးရိမ်ပူပန်နေသည်။ ၎င်းပြင် နွေဦးတော်လှန်ရေး၏စွမ်းအားကိုလည်းကောင်း စစ်အာဏာရှင်စနစ်အောက်တွင် မနေထိုင်လိုသည့် ပြည်သူတို့၏စိတ်ပိုင်းဖြတ်ထားမှုကိုလည်းကောင်း စစ်ကောင်စီက သတိထားမိလာသည်။ အနှစ် (၇၀) ကျော်ကြာ ဆင်နွှဲလာသည့် ပြည်တွင်းစစ်ပွဲတွင် ရှုံးနိမ့်မည့်အရိပ်အယောင်ကို စစ်တပ်က ပထမဆုံးအကြိမ်အဖြစ် ခံစားမိလာသည်။



(ဓာတ်ပုံ။ ။ အာဏာသိမ်းပြီးနောက်ပိုင်း (၂) ကြိမ်တိုင်တိုင် ဖမ်းဆီးခံခဲ့ရသည့် ထားဝယ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုမျိုးမင်းဦးကို စစ်ကောင်စီက ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သည်။)

ပြည်သူလူထုက စစ်ကောင်စီကို များစွာအခက်တွေ့အောင် ခုခံတော်လှန်နေသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းများကမူ စစ်အာဏာရှင်စနစ်ကျရှုံးရန်အတွက် ဖိအားပေးလုပ်ဆောင်ရန် ပျက်ကွက်နေသည်ကို စိတ်မကောင်းစွာ တွေ့ရှိနေရသည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် အာဆီယံအပါအဝင် အာရှဒေသတွင်းခေါင်းဆောင်များအနေဖြင့် အမှန်တရားအားဖြင့်လည်းကောင်း သံတမန်နည်းအားဖြင့်လည်းကောင်း မြန်မာပြည်သူများ၏ သဘောထားဆန္ဒများကို ကူညီဖေးမရန် တာဝန်ရှိသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု ရှိပြီး စစ်အာဏာရှင်စနစ်မှ ကင်းလွတ်ကာ အားလုံးပါဝင်သော အနာဂတ်မြန်မာနိုင်ငံကို ဖန်းတီးရန် ကြိုးစားနေသည့် ပြည်သူတို့၏ကြိုးပမ်းအားထုတ်မှုကို ကူညီထောက်ပံ့ရန် တာဝန်ရှိသည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ကရင်၊ မွန်နှင့် တနင်္သာရီဒေသများရှိ ပြည်သူများ၏ ခုခံတော်လှန်မှုနှင့် ၎င်းတို့ရင်ဆိုင်နေရသည့်အခက်အခဲများကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အနီးကပ်စောင့်ကြည့်လေ့လာခဲ့သည်။ ဤအစီရင်ခံစာငယ်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သုတေသနပြုထုတ်ဝေခဲ့ပြီး ၂၀၂၃ ဇန်နဝါရီလမှ ဇွန်လထိ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးအခြေအနေများကို ခြုံငုံသုံးသပ်ထားသည်။ ကရင်၊ မွန်နှင့် တနင်္သာရီဒေသမှ မတူကွဲပြားသည့်လူမှုအသိုင်းအဝိုင်းများက စစ်အာဏာရှင်စနစ်ကို တော်လှန်နေသည့် ပုံသဏ္ဌာန်အမျိုးမျိုးသော ဆန္ဒပြမှုများနှင့် ကိုယ်ထူကိုယ်ထနည်းဗျူဟာများကိုလည်း ခြုံငုံမိနိုင်စေရန် ကြိုးစားထားသည်။

အမျိုးသမီးများအပါအဝင် တိုင်းရင်းသားပြည်သူများက စစ်အာဏာရှင်၏ နည်းစနစ်ကျနပြီး များပြားကျယ်ပြန့်သော ဖိနှိပ်မှုများကို ဆယ်စုနှစ်များစွာ ခံစားခဲ့ရပြီးဖြစ်သည်။ နောက်ဆုံးတွင် ပြည်သူများက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ခုခံတော်လှန်မှုများကို ဦးဆောင်ခြင်း၊ အရှိန်မြှင့်တင်ခြင်း ပြုလုပ်လာသည်။ မြန်မာနိုင်ငံတနံတလျားတွင်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကို ကမ္ဘာကအာရုံစိုက်မိလာစေရန် တက်ကြွစွာလုပ်ဆောင်နေကြသည်။ ခုခံတော်လှန်မှုတွင် ရှေ့တန်းစစ်မျက်နှာပြင်၌ လက်နက်ကိုင်တိုက်ခိုက်နေသူများသာမဟုတ်ဘဲ ဘာသာရေးနှင့် လူမှုရေးခေါင်းဆောင်များ၊ ကျောင်းသားကျောင်းသူများ၊ အာဏာရှင်စနစ်အောက်တွင် အမှုထမ်းရန်ငြင်းဆန်သည့် (CDM) ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူလူထုများအားလုံး ပါဝင်နေသည်။ ၎င်းတို့အားလုံးသည် မြန်မာနိုင်ငံအတွက် အားလုံးပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖြေရှင်းမှုများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းလုပ်ဆောင်နေကြသည်။

အခက်အခဲနှင့် စိန်ခေါ်မှုများက “**ဒင်းကြမ်းပြည့်**”နေသော်လည်း လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများနှင့် စည်းရုံးလှုံ့ဆော်မှုများကို အခက်အခဲကြားက ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ထားကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းများထံသို့ အကြံပြုတိုက်တွန်းတောင်းဆိုမှုများဖြင့် ဤအစီရင်ခံစာကို နိဂုံးချုပ်မည်ဖြစ်သည်။

# ကွင်းဆင်းအဖွဲ့ဝင်များ၏ မှတ်စုများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကရင်၊ မွန်နှင့် တနင်္သာရီဒေသများတွင် ကွင်းဆင်းအဖွဲ့ဝင်များနှင့် လူ့အခွင့်အရေးကွန်ရက်များကို ထားရှိထားသည်။ အဆိုပါအဖွဲ့ဝင်များက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်နယ်မြေကို အခြေပြုပြီး လှုပ်ရှားလုပ်ကိုင်နေကြသည်။

အခက်အခဲနှင့် အန္တရာယ်များကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများကို တတ်နိုင်သမျှ ကောက်ခံစုဆောင်းနေသည်။ စစ်ကောင်စီက အကြောက်တရားရိုက်သွင်းထားသည့် ပြည်သူများနှင့် စကားပြောဆိုရခြင်းသည် ၎င်းတို့အတွက် အခက်အခဲဆုံးဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တကယ့်မြေပြင်တွင်အလုပ်လုပ်နေသည့်အဖွဲ့ဝင်များ၏ ပေးပို့ချက်များကို အခြေခံပြီး လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများကို ကောက်ခံစုဆောင်းသည်။ စစ်ကောင်စီ၏ တင်းကြပ်မှုများကြောင့် စီမံကိန်းဧရိယာအတွင်း အခက်အခဲ၊ အကြပ်အတည်းမရှိဘဲ လွတ်လပ်စွာသွားလာရန် မဖြစ်နိုင်ချေ။

ကွင်းဆင်းအဖွဲ့ဝင်များက အခက်အခဲနှင့် အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည်။ ဖမ်းဆီးသတ်ဖြတ်ခံရမည့်အန္တရာယ်ကြားတွင် အလုပ်လုပ်နေသည့်အပြင် နည်းပညာပိုင်းဆိုင်ရာလုံခြုံရေးအတွက်လည်း များစွာဂရုစိုက်လုပ်ဆောင်နေရသည်။ စကားဝှက်နည်းပညာများကို အသုံးပြုပြီး လုံခြုံစိတ်ချသည့်ဆက်သွယ်ရေးနည်းစနစ်များ ထားရှိထားသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကစုဆောင်းထားသည့် အချက်အလက်များနှင့် လုပ်ငန်းများကို စစ်တပ်က ထိုးဖောက်ဝင်ရောက်မလာနိုင်စေရန် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများ အမြောက်အမြားရှိနေဆဲ ဖြစ်သည်။

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို ခြိမ်းခြောက်ခြင်းနှင့် နှိပ်စက်ခြင်းပြုလုပ်ရာတွင် ဗမာစစ်တပ်သည် နာမည်ဆိုးဖြင့်ကျော်ကြားသည်။ ကွင်းဆင်းအဖွဲ့ဝင်များကို သတင်းအချက်အလက်မျှဝေသည့် ဒေသခံပြည်သူများကိုလည်း စစ်တပ်က ခြိမ်းခြောက်သည်။ လက်ရှိအချိန်တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာနယ်မြေဒေသများတွင်သာ လုံခြုံစွာလုပ်ကိုင်နိုင်သည်။ အဆိုပါဒေသအပြင်ဘက်တွင် အဖြစ်အပျက်များကို မှတ်တမ်းတင်ခြင်းနှင့် သက်သေအထောက်အထားများကို စုဆောင်းခြင်းများပြုလုပ်မည်ဆိုပါက အလွန့်အလွန်အန္တရာယ်ရှိသည်။

စစ်ကောင်စီက သွားလာခွင့်များကို တင်းကြပ်ခြင်း၊ ထိန်းချုပ်ကန့်သတ်ခြင်းများပြုလုပ်လာသဖြင့် သတင်းအချက်အလက်ကောက်ခံရာတွင် အကန့်အသတ်များ ပိုမိုများပြားလာသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အချက်အလက်များသည် မြေပြင်မှတိုက်ရိုက်ပေးပို့လာသော အချက်အလက်များ ဖြစ်သည်။ အချက်အလက်ကောက်ခံရာတွင် စိန်ခေါ်မှုများစွာရှိနေသဖြင့် တကယ့်ချိုးဖောက်မှုပမာဏများသည် ဤအစီရင်ခံစာတွင်ဖော်ပြထားသည့် ကိန်းဂဏန်းများထက် များစွာပိုမိုနိုင်သည်။ မြန်မာနိုင်ငံ၏အနာဂတ်နှင့်ပတ်သက်ပြီး မိမိတို့၏အကြောက်တရားများအပြင် မျှော်လင့်ချက်များကိုပါ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသို့ မျှဝေသည့်အတွက် ကျွန်ုပ်တို့၏အဖွဲ့က ကျေးဇူးဥပကာရ များစွာတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏အခြေအနေကို ခြုံငုံသုံးသပ်ခြင်း

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တိုက်ပွဲများပိုမိုပြင်းထန်လာခြင်းသည် ဒေသခံပြည်သူလူထု၏လုံခြုံမှုကို များစွာခြိမ်းခြောက်လာသည်။ စစ်တပ်က အတင်းအကြပ်အုပ်ချုပ်ရန် ကြိုးစားလာသဖြင့် ရက်စက်မှုများက လက်နက်မဲ့ပြည်သူများအကြား နေ့စဉ်ဖြစ်ပွားလာနေသည်။ စစ်တပ်က လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်နေသဖြင့် ပြည်သူများမှာ နေ့စဉ်နေ့တိုင်း နေရပ်စွန့်ခွာထွက်ပြေးနေရသည်။ စစ်တပ်က ပြည်သူများကို နေ့စဉ်နှင့်အမျှ ဖမ်းဆီးချုပ်နှောင်နေပြီး စစ်ကြောရေးနှင့် အချုပ်ခန်းများတွင် ညှဉ်းပန်းနှိပ်စက်နေသည်။

**၂၀၂၂ ဇန်နဝါရီလ – ဒီဇင်ဘာလ**

| | |
|---|---|
| ဖမ်းဆီးချုပ်နှောင်ခံရသူဦးရေ | ၁,၁၅၅ ဦး |
| ထိခိုက်ဒဏ်ရာရရှိသူဦးရေ | ၅၀၀ ဦး |
| သတ်ဖြတ်ခံရသူဦးရေ | ၁၄၅ ဦး |

**၂၀၂၃ ဇန်နဝါရီလ – ဇွန်လ**

| | |
|---|---|
| ဖမ်းဆီးချုပ်နှောင်ခံရသူဦးရေ | ၈၄၀ ဦး |
| ထိခိုက်ဒဏ်ရာရရှိသူဦးရေ | ၃၁၅ ဦး |
| သတ်ဖြတ်ခံရသူဦးရေ | ၁၄၆ ဦး |

၂၀၂၃ ဇန်နဝါရီလမှ ဇွန်လအတွင်း အပြစ်မဲ့ပြည်သူ (၈၄၀) ဦး ဖမ်းဆီးချုပ်နှောင်ခံရပြီး ပြည်သူ (၃၁၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ (၁၄၆) ဦး မတရားသတ်ဖြတ်ခံခဲ့ရကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းပြုခဲ့သည်။ ၂၀၂၂ နှစ်ကုန်ပိုင်းတွင် မှတ်တမ်းတင်ထားသည့် ကိန်းဂဏန်းများသည် စိုးရိမ်ဖွယ်ရာဖြစ်နေသည်။ (၁,၁၅၅) ဦး ဖမ်းဆီးချုပ်နှောင်ခံခဲ့ရပြီး အမျိုးသမီးနှင့်ကလေးသူငယ် (၂၆) ဦးအပါအဝင် (၁၄၆) ဦး မတရားသတ်ဖြတ်ခံခဲ့ရသည်။ အပြစ်မဲ့ပြည်သူ (၅၀၀) နီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် (၁၂၀) ဦးမှာ အမျိုးသမီးနှင့်ကလေးသူငယ်များ ဖြစ်သည်။ ချိုးဖောက်မှုများသည် ယခုနှုန်းထားအတိုင်း ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက ၂၀၂၃ ကိန်းဂဏန်းများသည် ၂၀၂၂ ကိန်းဂဏန်းများနှင့် တူညီသွားမည် သို့မဟုတ် အဆိုပါကိန်းဂဏန်းများထက် ပိုမိုများပြားသွားမည် ဖြစ်သည်။ စစ်ကောင်စီက စစ်ဆင်ရေးများကို လျှော့ချလာမည်မဟုတ်သည့်အတွက် ထိခိုက်သေဆုံးမှုများ ပိုမိုများပြားလာမည် ဖြစ်သည်။ မတရားအာဏာသိမ်းမှုကို ခုခံတော်လှန်မှုများကလည်း ပြင်းထန်လာသည့်အလျောက် စစ်ကောင်စီက တိုက်ပွဲနည်းဗျူဟာ ပြောင်းလဲလာပြီး ဖမ်းဆီးရမိသူများကို အကြမ်းဖက်နှိပ်စက်ခြင်း၊ အဆက်အသွယ်ဖြတ်တောက်ခြင်းဖြင့် စစ်တပ်က တုံ့ပြန်လာသည်။

**တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ပြည်သူလူထုမှာ အကြပ်အတည်းနှင့် စိန်ခေါ်မှုအမြောက်အမြား ကို ရင်ဆိုင်နေရသည်။ စစ်တပ်က ၎င်းတို့၏အသက်ရှင်နေထိုင်ခွင့်ကို ခြိမ်းခြောက်နေသဖြင့် ပဋိပက္ခ ဒေသတွင်နေထိုင်သူများမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မလုပ်ကိုင်နိုင်ချေ။ မည်သည့်အချိန် တွင် ဖမ်းဆီးခံရမည်၊ နှိပ်စက်ခံရမည်၊ သတ်ဖြတ်ခံရမည်ကို စိုးရိမ်နေရသည်။ ၎င်းပြင် စစ်တပ်က မြေမြှုပ် မိုင်းအမြောက်အမြားကို လယ်ယာမြေနှင့် ကျေးရွာအနီးတဝိုက်တွင် ထောင်ထားသဖြင့် ရွာသားများမှာ လုပ်ငန်းခွင်သို့ မသွားရောက်နိုင်ကြချေ။**

“မြေမြှုပ်မိုင်းသုံးတာက ရက်စက်ပြီး အရှက်မဲ့တာပဲ” ဟု ရေးမြို့နယ်မှ လူ့အခွင့်အရေးပညာပေးသူ ဒေသခံ တစ်ဦးက ပြောသည်။

“စစ်တပ်က ဒီလက်နက်တွေကို သုံးပြီး ပြည်သူတွေကို တိုက်ရိုက်ပစ်မှတ်ထားတိုက်ခိုက်နေတာ။ ခြံတွေ လယ်တွေ လမ်းတံတားနဲ့ အိမ်နီးနားတွေမှာ မိုင်းတွေ ထောင်တယ်။ ဒီအကြမ်းဖက်ကောင်တွေကို ချက်ချင်း အရေးယူဖို့ ကမ္ဘာ့အသိုင်းအဝိုင်းက လုပ်သင့်ပြီ။ မြေမြှုပ်မိုင်းအသုံးပြုတာ ရပ်ဖို့ စစ်ရာဇဝတ်မှုတွေအတွက် တာဝန်ခံဖို့ လုပ်ရမယ်”

## အမျိုးသမီးနှင့်ကလေးများအပေါ် အကြမ်းဖက်မှုများ

ကလေးသူငယ်များအနေဖြင့် စစ်ဘေးရှောင်မိသားစုဝင်များနှင့်အတူ ထွက်ပြေးတိမ်းရှောင်နေရသဖြင့် လုံခြုံစိတ်ချစွာ ပညာသင်ယူနိုင်ခွင့်ကို ဆုံးရှုံးနေရသည်။ စစ်တပ်က စာသင်ကျောင်းများကို လေကြောင်းဖြင့် တိုက်ခိုက်နေသည့်အပြင် လက်နက်ကြီးဖြင့်လည်း ပစ်ခတ်နေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေး ရှောင်ပြည်သူ (၃၀,၀၀၀) ကျော်သည် ခိုလှုံစရာ၊ ဆေးဝါး၊ အစားအစာနှင့် တရားမျှတမှုများ မရရှိကြချေ။

မြေပြင်လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းကူညီပေးရန် ပရဟိတလုပ်သားတစ်ဦးက မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ပြောသည်။ **“လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို အများကြီးလိုအပ်နေတယ်။ ပြန်လည်ထူထောင်ရေးနဲ့ဆိုင်တဲ့ အထောက်အပံ့တွေ လူမှုရေး၊ စိတ်ကျန်းမာရေးနဲ့ဆိုင်တဲ့ အကူအညီတွေ ချက်ချင်း ပေးရမယ်”**

လူသားချင်းစာနာထောက်ထားမှုအကူအညီများသည် လူထုအခြေပြုအဖွဲ့အစည်းများမှတဆင့်သာ ပေးအပ်ဖြန့်ဝေသင့် သည်။ အဆိုပါအဖွဲ့အစည်းများသည် တိုင်းရင်းသားတက်ကြွလှုပ်ရှားသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များ၊ ဝါရင့်လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒေသန္တရ အာဏာပိုင် သို့မဟုတ် အမျိုးသားညီညွတ်ရေးအစိုးရ၏ ဌာနဆိုင်ရာများက ကွပ်ကဲဦးဆောင်သည့်အဖွဲ့အစည်းများ ဖြစ်ရမည်။

လိင်အခြေပြုအကြမ်းဖက်မှုများလည်း နိုင်ငံတနံတလျားတွင် ဖြစ်ပွားနေသည်။ စစ်တပ်က လူနေကျေးရွာများအတွင်း တပ်စွဲမှုများ ပိုမိုပြုလုပ်လာသဖြင့် အမျိုးသမီးများမှာ ဘဝလုံခြုံမှု မရှိချေ။ ဗမာစစ်တပ်ကို ပြင်းပြင်းထန်ထန်ခုခံ တိုက်ခိုက်နေသည့် ကရင်ပြည်နယ်တွင် အဆိုပါပြဿနာကို ပိုမိုတွေ့ရှိရသည်။ ဗမာစစ်တပ်က လိင်အကြမ်းဖက်မှုကို ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေသည်။ ယခုနှစ်အစ ၂၀၂၃ ဇန်နဝါရီလ (၁) ရက်နေ့တွင် မွန်ပြည်နယ် တစ်နေရာ၌ ကင်းလှည့်နေသည့်စစ်တပ်က ဆိုင်ကယ်စီးလာသည့် အမျိုးသမီး (၂) ဦးကို သေနတ်ဖြင့်နောက်မှပစ်ခတ် ခဲ့သည်။ နှစ်ဦးစလုံး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

အမျိုးသမီးနှင့်ကလေးသူငယ်များကို ပစ်မှတ်ထားသည့် ရမ်းသမ်းပစ်ခတ်မှုများကလည်း ပိုမိုဖြစ်ပွားလာသည်။ အမျိုးသား အများစုက လူသားဒိုင်းအဖြစ် “ပေါ်တာ”အဖြစ် ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့သဖြင့် ထွက်ပြေးနေရပြီး တစ်ချို့မှာ တော်လှန်ရေးအင်အားစုများထံသို့ ပူးပေါင်းသွားကြသည်။ ထို့ကြောင့် ၎င်းတို့၏မိသားစုမှာလည်း နေရပ်စွန့်ခွာထွက်ပြေး နေရသည်။

၎င်းပြင် မွန်ပြည်နယ်ရှိ ကျေးရွာများတွင် ကလေးသူငယ်များအပေါ် လိင်အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာနေပြီး အာဏာပိုင်များက ဖမ်းဆီးအရေးယူမှုများ လုပ်ဆောင်ခြင်း မရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက ပြောသည်။ လက်ရှိ နိုင်ငံရေးပဋိပက္ခနှင့် လုံခြုံရေးအခြေအနေများကြောင့် ထိခိုက်နစ်နာသူများကို မွန်အမျိုးသမီးအဖွဲ့များက ကူညီပံ့ပိုး ပေးနိုင်ခြင်း မရှိချေ။

**“ရွာတွေမှာ သက်ငယ်မုဒိမ်းမှုတွေ အများကြီးဖြစ်နေတယ်လို့ ကျွန်မတို့ကြားရတယ်။ သူတို့ကို ကူညီပေးဖို့က ကျွန်မတို့မှာ လည်း အခက်အခဲရှိနေတယ်။ မြန်မာပြည်မှာက တရားဥပဒေစိုးမိုးမှု မရှိတော့ဘူး။ ရဲတွေက အမှုကိစ္စတွေကို မကိုင်တွယ် မဖြေရှင်းတော့ဘူး”** ဟု မွန်အမျိုးသမီးအဖွဲ့တစ်ခုမှ ဒါရိုက်တာတစ်ဦးက ပြောသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ကလေးသူငယ်များ၏အခွင့်အရေးမှာ ကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်ခံနေ ရသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်အကြမ်းဖက်မှုအရေအတွက်လည်း တိုးပွားလာသည်။ လုံခြုံရေးအခြေအနေ ကြောင့် ချိုးဖောက်မှုအရေအတွက် ကိန်းဂဏန်းအတိအကျကို ကောက်ခံရရှိရန် ခက်ခဲသည်။ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်ပြီး တရားစွဲဆိုခြင်းမပြုလုပ်ရန် စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများက တားမြစ်နေသည်။ နစ်နာသူအတွက် တရားမျှတမှုရရန် ပိုမိုခက်ခဲသည့်အနေအထားဖြစ်သည်။ သက်ငယ်မုဒိမ်းမှုကျူးလွန်ထားသူများကိုလည်း လွတ်ငြိမ်း ချမ်းသာခွင့်ခေါင်းစဉ်အောက်တွင် စစ်ကောင်စီက ပြန်လည်လွှတ်ပေးနေသည်။

## ညမထွက်ရအမိန့်၏ အကျိုးသက်ရောက်မှုများ

ညမထွက်ရအမိန့်ကြောင့် ပြည်သူတို့၏စားဝတ်နေရေးမှာ ပိုမိုခက်ခဲလာသည်။ ၂၀၂၃ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် စစ်ကောင်စီက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူကာ ကာကွယ်ရေးဦးစီးချုပ်ကို နောက်ထပ် (၆) လ “အကြွင်းမဲ့အာဏာ” အပ်နှင်းကြောင်း ကြေညာသည်။ ၂၀၂၃ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် နိုင်ငံတ ဝန်းလုံးရှိ မြို့နယ် (၃၃၀) အနက် (၃၇) မြို့နယ်တွင် ညမထွက်ရအမိန့် ထုတ်ပြန်လိုက်သည်။ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းမှ မြို့နယ် (၅) မြို့နယ်၊ မွန်ပြည်နယ် ရေးမြို့နယ်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်မြို့နယ်များ ပါဝင်သည်။ မွန်ပြည်နယ် ရေး၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များတွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားသည်မှာ (၂) နှစ်ခွဲကျော် ရှိ လာပြီ ဖြစ်သည်။

**“ခုတော့ ညမထွက်ရအမိန့်နဲ့ နေ့,နေရတာပေါ့။ ဘာမှ လုပ်လို့မရဘူး။ မိသားစုစားဝတ်နေရေးက ရှိသေးတော့ အလုပ် မလုပ်လို့မရဘူး။ တစ်နေ့တစ်နေ့ မသေချာမှုတွေနဲ့ပဲ ကြုံနေရတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

# ပစ်မှတ်ထားခံနေရသည့် တော်လှန်ရေးအင်အားစုများ

စစ်တပ်၏မတရားအပြစ်ပေးမှုမှ လွတ်မြောက်ရန် တော်လှန်ရေးအင်အားစုများသည် ထွက်ပြေးတိမ်းရှောင်နေရသည်။ ၂၀၂၃ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီထောက်ခံသူများ၏ နေအိမ် (၅) လုံးကို စစ်တပ်နှင့် ၎င်းတို့၏လက်ကိုင်တုတ်ပြည်သူ့စစ်များက မီးရှို့ဖျက်ဆီးလိုက်ကြောင်း ဒေသခံမျက်မြင်များက ပြောသည်။ စစ်အာဏာရှင်စနစ်အောက်တွင် တာဝန်မထမ်းဆောင်လိုသူ (CDM) များနှင့် ၎င်းတို့၏မိသားစုဝင်များကို စစ်ကောင်စီက ပစ်မှတ်ထားနေသည်။ ညမထွက်ရအမိန့်ထုတ်ပြန်ထားသည့် တနင်္သာရီတောင်ပိုင်း ပုလောမြို့နယ်တွင် မတရားဖမ်းဆီးမှုများ ဆက်လက်ဖြစ်ပွားနေသည်။ CDM ကျောင်းဆရာဆရာမများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးဟောင်းများကို စစ်ကောင်စီက လိုက်လံဖမ်းဆီးနေသည်။



(ဓာတ်ပုံ။          ။ မွန်ပြည်နယ်ရှိ ကျေးရွာများတွင် ကလေးသူငယ်များအပေါ် လိင်အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာနေပြီး အာဏာပိုင်များက ဖမ်းဆီးအရေးယူမှုများ လုပ်ဆောင်ခြင်း မရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက ပြောသည်။)

ပုလောမြို့တွင် နီးစပ်ရာဌာပုန်းအောင်းနေသည့် CDM ဆရာဆရာမ (၂၀) ဦးအနက် (၁၇) ဦးကို စစ်ကောင်စီက ၂၀၂၃ ဖေဖော်ဝါရီလတွင် ဖမ်းဆီးခဲ့သည်။ NLD အစိုးရလက်ထက်တွင် အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ခဲ့သူ (၃) ဦးကိုလည်း စစ်တပ်က လာရောက်ဖမ်းဆီးခဲ့ကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။ "သူတို့တွေကို စစ်ကားကြီးတွေနဲ့ လာဖမ်းသွားတာ။ ဆရာဆရာမ တော်တော်များများလည်း ပါသွားတယ်။ သူတို့ကို ဘယ်မှာဖမ်းထားလဲ မသိဘူး။ CDM ကျောင်းဆရာဆရာမကို မတွေ့လို့ဆိုပြီး သူ့အဖေကို ဖမ်းသွားတာလည်း ရှိတယ်" ဟု အခြားမျက်မြင်တစ်ဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။ ဖမ်းဆီးသွားသူများကို တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်လုပ်ဆောင်နေသူများဟု စစ်တပ်က စွပ်စွဲသည်။

အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများစွာ ဖြစ်ပေါ်နေကြောင်း မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့မှမိသားစုများက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းများက တော်လှန်ရေးအင်အားစုများကို တန်ပြန်တိုက်ခိုက်ရန် မုဒုံ၊ သံဖြူဇရပ်စသည့်မြို့နယ်များတွင် အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းများ ပြုလုပ်လာကြောင်း မိဘများက ပြောသည်။ နေအိမ်များကို ချိပ်ပိတ်သိမ်းဆည်းသည့်အပြင် အသုံးအဆောင်ပစ္စည်းများကို လုယက်ယူဆောင်ရန်အတွက် နေအိမ်များကို ရည်ရွယ်ရှိရှိမီးရှို့ဖျက်ဆီးလာသည်။ တော်လှန်ရေးအင်အားစုများကို ကူညီထောက်ပံ့နေမှုများကို ဖြတ်တောက်ရန်အတွက် စစ်ကောင်စီက ရက်စက်ယုတ်မာသည့်နည်းလမ်းများကို အသုံးပြုလာသည်။

အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများသည်လည်း ပစ်မှတ်ထားဖိနှိပ်ခြင်း ခံနေရသည်။ မွန်ပြည်နယ် ကျိုက်မရော မြို့နယ်ရှိ NLD ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၏နေအိမ်ကို စစ်တပ်က ချိပ်ပိတ်ခဲ့ကြောင်း ရွာသားများက ပြောသည်။ ၂၀၂၃ ဇွန်လ (၂၀) ရက်နေ့ ညနေ (၃) နာရီခန့်တွင် ကျိုက်မရောမြို့ ရှင်စောပုအမှတ် (၃) ရပ်ကွက် ဗညားနွဲ့လမ်းရှိ ဒေါ်ခင်မျိုးမြင့်နေအိမ်ကို စစ်တပ်က ဝင်စီးခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များလည်း ပါဝင်ပြီး နေအိမ်ကို ချိပ်ပိတ်ခဲ့သည်။

ဒေါ်ခင်မျိုးမြင့်သည် စစ်တပ်က အကြမ်းဖက်အဖွဲ့အဖြစ်ကြေညာထားသည့် မွန်ပြည်နယ်ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီမှ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ၎င်းကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ပုဒ်မ ၅၀၅(က) တို့ဖြင့် စစ်တပ်က အမှုဖွင့်တရားစွဲဆိုထားသည်။ ၎င်းသည် ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် အနိုင်ရခဲ့သူဖြစ်ပြီး အာဏာသိမ်းပြီးကတည်းက ထွက်ပြေးတိမ်းရှောင်နေရသူ ဖြစ်သည်။ NLD ပါတီဝင်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၃၃၃) ဦး၏ နေအိမ်နှင့်ပိုင်ဆိုင်မှုများကို စစ်တပ်က ချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)က ၂၀၂၃ ဇွန်လ (၁၃) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

# တိုက်ခိုက်ခံနေရသည့် လွတ်လပ်စွာပြောဆိုခွင့်နှင့် သတင်းထောက်များ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို စစ်တပ်က ဆက်လက်ဖြိုခွင်းနေပြီး သတင်းဖော်ပြမှုအပေါ် ဆင်ဆာဖြတ်တောက်မှုများ အမြောက်အမြားပြုလုပ်လာသည်။ စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်နယ်အတွင်းရှိ သတင်းဌာနများနှင့် ရုပ်သံဌာနများတွင် အလုပ်လုပ်နေသည့် သတင်းသမားများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း ယုံကြည်ရသည့်သတင်းအရင်းအမြစ်များက ပြောသည်။

မတရားဖိနှိပ်သည့်ဥပဒေများကို လိုအပ်သလိုသုံးစွဲ၍ သတင်းဌာနများနှင့် လူမှုကွန်ရက်အသိုင်းအဝိုင်းများကို ပိုမိုဖိနှိပ်ဖြိုခွင်းရန် စစ်တပ်က ရည်ရွယ်လုပ်ဆောင်နေသည်။ အဆိုပါသတင်းဌာနများသည် သတင်းများကို အင်တာနက်ပေါ်တွင် အချိန်နှင့်တပြေးညီ တင်ပြနေပြီး ကရင်၊ မွန်နှင့် တနင်္သာရီဒေသများတွင် စစ်တပ်က ပြည်သူလူထုအပေါ် ကျူးလွန်နေသည့် စစ်ရာဇဝတ်မှုများကို တိုက်ရိုက်တင်ပြနေသည့်ဌာနများ ဖြစ်သည်ဟု ဆိုသည်။

စစ်တပ်လက်အောက်တွင်အလုပ်လုပ်နေသည့် သတင်းသမားများ၊ သတင်းပေးများနှင့် အထူးတပ်ဖွဲ့များက DVB၊ BBC၊ VOA၊ RFA၊ ရောဝတီ၊ ခေတ်သစ်မီဒီယာနှင့် မဇ္ဈိမသတင်းဌာနများအတွက် အလုပ်လုပ်ပေးနေသည့်သတင်းထောက်များကို ထောက်လှမ်းစုံစမ်းနေသည်။ ထို့ပြင် သတင်းထောက်အများစုကို နိုင်ငံတော်ကိုအကြည်ညိုပျက်စေမှု ၅၀၅(က) နှင့် အီလက်ထရွန်းနစ်ဥပဒေတို့ဖြင့် တရားစွဲဆိုထောင်ချနေသည်။ အဆိုပါဥပဒေများသည် သတင်းလွတ်လပ်ခွင့်ကို ခြိမ်းခြောက်နေသည့်ဥပဒေများ ဖြစ်သည်။ စစ်ကောင်စီသည် အာဏာသိမ်းပြီးနောက်ပိုင်း သတင်းမီဒီယာလွတ်လပ်ခွင့်ကို ခြိမ်းခြောက်ကန့်သတ်ရန်အတွက် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)နှင့် ရာဇသတ်ကြီးဥပဒေပါပြဋ္ဌာန်းချက်အချို့ကို ထည့်လဲသုံးနေသည်။

အထက်ဖော်ပြပါအခက်အခဲ အကြပ်အတည်းများနှင့် အခြားသောထပ်ဆောင်းစိန်ခေါ်မှုများသည် ပြည်သူတို့နေ့စဉ်ကြုံတွေ့နေရသည့် ဘဝအစိတ်အပိုင်းများ ဖြစ်သည်။ ငြိမ်းချမ်းသောဘဝကိုလိုချင်သည့် ပြည်သူများကို စစ်အာဏာရှင်က ဆယ်စုနှစ်များစွာ ဖိနှိပ်လာခဲ့သည်။ အဆိုပါခက်ခဲကြပ်တည်းသည့်အခြေအနေများကို ပြည်သူများက ရဲစွမ်းသတ္တိရှိစွာဖြင့် အင်ပြည့်အားပြည့်ရင်ဆိုင်ကျော်လွှားနေသည်။

# စစ်ကောင်စီက ပြည်သူအပေါ် အကြမ်းဖက်တိုက်ခိုက်မှု၏ အကျိုးသက်ရောက်မှုများ

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအပါအဝင် တစ်နိုင်ငံလုံးတွင် စစ်ကောင်စီက မတရားသတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ လိင်အကြမ်းဖက်မှုများနှင့် မုဒိမ်းမှုများ၊ မတရားဖမ်းဆီးမှုများ၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုများနှင့် အခြားသောရာဇဝတ်မှုများကို ကျူးလွန်နေသည်။ ရာပေါင်းများစွာသော အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရပြီး ထောင်ဒဏ်တစ်သက်ချမှတ်ခံရသူများလည်း ရှိနေသည်။ စစ်တပ်က ၎င်းတို့၏စစ်အာဏာရှင်စနစ်ကို ပိုမိုဖြန့်ကျက်ပေးနိုင်သည့် တရားသူကြီးများကို တရားရုံးများတွင် အစားထိုးခန့်အပ်ခဲ့သည်။ ရက်စက်ကြမ်းကြုတ်မှုများက ဆက်လက်ဖြစ်ပွားနေသည်။ စစ်တပ်က ရက်စက်ကြမ်းကြုတ်မှုများကို စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေပြီး အဆိုပါကျူးလွန်မှုများအတွက် ပြစ်ဒဏ်ခံယူရခြင်းလည်း မရှိချေ။ အရေးယူခံရမှု မရှိသဖြင့် စစ်တပ်က အကြမ်းဖက်မှုများကို နောက်ဆံမတင်းဘဲ စိတ်ရှိလက်ရှိကျူးလွန်နေသည်။

ပြည်သူလူထုမှာ စစ်တပ်က ၎င်းတို့အပေါ်စနစ်တကျကျူးလွန်နေသည့် အကြမ်းဖက်မှုများကို ခါးစည်းခံနေရသည်။ စစ်တပ်က အာဏာနှင့် တရားဝင်မှုကို ငမ်းငမ်းတက်လိုချင်နေသည်။ ထို့ကြောင့် ၎င်းတို့ကို ဆန့်ကျင်သူမှန်သမျှကို ပစ်မှတ်ထားတိုက်ခိုက်နေသည်။ စစ်တပ်ဆန့်ကျင်မှုအားကောင်းသည့်နေရာများတွင် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးလက်နက်ငယ်တို့ဖြင့် ရမ်းသမ်းပစ်ခတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် မတရားခိုင်းစေခြင်း(ပေါ်တာဆွဲခြင်း)များဖြင့် စစ်တပ်က ပြင်းပြင်းထန်ထန်တုံ့ပြန်သည်။



(ဓာတ်ပုံ။      ။ ဇွန်လ (၁၉) ရက်နေ့ ညနေ (၆) နာရီ မိနစ် (၂၀) တွင် မုဒုံမြို့နယ် အဘစ်ကျေးရွာအခြေစိုက် အမှတ် (၃၁၈) အမြောက်တပ်ရင်းက ဝင်းရေးမြို့နယ် တံခွန်တိုင်ကျေးရွာအတွင်းသို့ ၁၂၀ မမ လက်နက်ကြီးဖြင့် အတွဲလိုက်ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ အနည်းဆုံး (၃) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။)

# အရေးပါသော တွေ့ရှိချက်များ

လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘေးကင်းစွာ မှတ်တမ်းတင်ကောက်ခံနိုင်ရန် အကန့်အသတ်များ ရှိနေသဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ တွေ့ရှိချက်များသည် ပကတိအခြေအနေနှင့် ကွာခြားမှုများ ရှိနိုင်သည်။ သို့သော် အခြေအနေများပိုမိုဆိုးရွားလာနေသည်ကို အချက်အလက်များက သက်သေပြနေသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းက ဆိုးရွားလာသောအခြေအနေများကို လျင်လျင်မြန်မြန်တုံ့ပြန်နိုင်ခြင်း မရှိချေ။ အခြေခံအဆောက်အဦး များ မရှိဘဲ ပြည်သူများသည် လုပ်ငန်းခွင်သို့ မဝင်ရောက်နိုင်ချေ။ စာသင်ကျောင်းသို့ မသွားရောက်နိုင်ချေ။ စစ်တပ်၏ လွဲမှားသောစီမံခန့်ခွဲမှုကြောင့် ကျပ်ငွေတန်ဖိုး ဖောင်းပွလာပြီး ကုန်ဈေးနှုန်းများ မြင့်တက်လာသည်။ ပဋိပက္ခဒေသ မှပြည်သူများသည် အခြေခံစားသောက်ကုန်ပစ္စည်းများကိုပင် လက်လှမ်းမမီတော့ချေ။ ဆေးရုံများ၊ စာသင်ကျောင်း များ၊ ဘုရားကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများသည်ပင် မလုံမခြုံဖြစ်နေသည်။ စစ်တပ်က ပြည်သူများအပေါ် စစ်မက်ပြုနေသည်မှာ ထင်ရှားသည်ထက်ထင်ရှားလာသည်။ ပြည်သူများအပေါ်တိုက်ခိုက်မှုများက ရည်ရွယ်ချက်ရှိရှိ ဆက်လက်ဖြစ်ပွားနေသည်။

၂၀၂၃ နှစ်စကတည်းကပင် စစ်တပ်ကကျူးလွန်နေသည့် ရာဇဝတ်မှုများသည် ယခင်နှစ်ကထက် ပိုမိုများပြားလာသည် ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ရှိထားပြီးဖြစ်သည်။ ၂၀၂၃ ဇန်နဝါရီလအကုန်တွင် လူပေါင်း (၇၁) ဦး ကို ဖမ်းဆီးပြီးဖြစ်သကဲ့သို့ (၄၈) ဦးကို ချုပ်နှောင်ထိန်းသိမ်းကာ (၅၈) ဦးကို ထိခိုက်ဒဏ်ရာရရှိစေပြီး (၂၄) ဦးကို မတရား သတ်ဖြတ်ခဲ့သည်။ နောက်ထပ် (၆) လအတွင်းတွင် အခြေအနေများ ပိုမိုဆိုးရွားလာသည်။ စစ်ဘေးရှောင်ပြည်သူအများ စုမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ပြီး ယာယီစစ်ရှောင်စခန်းများတွင်သာ ခိုလှုံနေရသည်။ စစ်ရှောင်ပြည်သူများ နေထိုင်ရာနေရာများကို တိုက်ခိုက်ရန်ပင် စစ်ကောင်စီက ဝန်မလေးချေ။

စစ်ကောင်စီက လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်နေသောကြောင့် ပြည်သူများမှာ အကြောက်တရားနှင့် နေထိုင် နေရသည်။ ပြည်သူတို့၏ဘဝမှာလည်း မသေချာ မရေရာမှုများနှင့် ပြည့်နှက်နေသည်။ စစ်တပ်၏တိုက်ခိုက်မှုများ အတွင်းတွင် လူငယ်နှင့် ကလေးသူငယ်များ အသက်ဆုံးရှုံးနေရသည်။ တဖြည်းဖြည်းများပြားလာသည့် စစ်ရှောင်ပြည် သူများအတွက် အရေးပေါ်အကူအညီများ လိုအပ်နေသည်။ စစ်ကောင်စီလက်မှ လွတ်မြောက်ရန်အတွက် အိုးအိမ်စွန့်ခွာ ထွက်ပြေးခြင်းကသာ တစ်ခုတည်းသောထွက်ပေါက်ဖြစ်သည်။ ထွက်ပြေးလာသူအများစုမှာ နေရင်းရပ်ရွာသို့ မပြန်နိုင် ကြသေးချေ။

မိမိကိုယ်ကိုနှင့် ချစ်ချင်ရသူများကို မကာကွယ်နိုင်သည့် မိသားစုများက တောတွင်းသို့ ပြေးဝင်ပုန်းအောင်နေရသည်။ အစားအစာ၊ သောက်သုံးရေ၊ ခိုလှုံစရာနေရာနှင့် အကူအညီများ လုံလောက်စွာ မရရှိချေ။ ကွာဟနေသည့်လိုအပ်ချက် များကို လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပရဟိတလုပ်သားများက ဖြည့်ဆည်းပေးနေသည်။ လူထုအခြေပြုအဖွဲ့ အစည်းများနှင့် ပရဟိတလုပ်သားများကိုယ်၌ကပင် အရင်းအမြစ်များ၊ စွမ်းဆောင်နိုင်စွမ်းများ၊ အထူးသဖြင့် ဘဏ္ဍာရေး ကဏ္ဍများတွင် လိုအပ်ချက်များ ရှိနေသည်။ အောက်ခြေအဖွဲ့အစည်းများတွင် အကန့်အသတ်များစွာ ရှိနေပြီး လိုအပ်ချက် များစွာကို လိုက်လံဖြည့်ဆည်းပေးနေရသည့် ယခုကဲ့သို့သောကာလတွင် ၎င်းအဖွဲ့အစည်းများ၌ အခက်အခဲများစွာ ဖြစ်နေသည်။ ၎င်းအဖွဲ့အစည်းများကိုယ်တိုင်က စစ်ကောင်စီ၏ပစ်မှတ် ဖြစ်လာသဖြင့် အလွန်အန္တရာယ်များသည့် အနေအထားဖြစ်လာသည်။

စစ်တပ်အနေဖြင့် ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ထိုက်သင့်သည့်ပြစ်ဒဏ်များ မခံရခြင်းသည် စစ်တပ်က အကြမ်းဖက်မှုများကို ဆယ်စုနှစ်များစွာ ကျူးလွန်နေသည့် အဓိကအကြောင်းရင်း ဖြစ်သည်။ စစ်တပ်က ၎င်းတို့နှစ်ပေါင်းများစွာကျူးလွန်ထားသော ရာဇဝတ်မှုများအတွက် တာဝန်ခံရန် မလိုချေ။ နောက်ဆက်တွဲ ပြဿနာများ မရှိသဖြင့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေသည်။ မြန်မာနိုင်ငံမှပြည်သူများသည် တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ဆယ်စုနှစ်များစွာ လိုလားတောင့်တနေကြသည်။ တိုင်းပြည်တွင်ဖြစ်ပွားနေသည့် အမျိုးမျိုး သောအကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက တစ်စုံတရာတုံ့ပြန်ရမည် ဖြစ်သည်။ မအောင်မြင် သောအာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံ၏ တရားစီရင်ရေးလမ်းကြောင်းများသည် လုံးဝယုံကြည်စိတ်ချ၍ မရတော့ ချေ။

၎င်းပြင် စစ်တပ်က လူနေကျေးရွာများတွင် ဝင်ရောက်တပ်စွဲနေထိုင်ခြင်းကြောင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လုပ်ငန်းခွင်အခွင့်အလမ်းများ ပျက်စီးဆုံးရှုံးနေသည်။ အဖက်ဖက်က ယိုယွင်းနေသည့်တိုင်းပြည်ကြောင့် ပြည်သူလူထု မှာ များစွာထိခိုက်ခံစားနေရပြီး အခမဲ့စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း လုံလောက်စွာ မရရှိကြချေ။ လူအများစုမှာ အသက်ရှင်ရန်အတွက်သာ ရုန်းကန်နေရပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ဖမ်းဆီးခြင်းမခံရရန်သာ အာရုံစိုက်နေရသည်။ စစ်ကောင်စီတပ်က နိုင်ငံတဝန်းလုံးတွင် အကြမ်းဖက်နေသဖြင့် ပြည်သူ (၂) သန်းနီးပါးမှာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

၂၀၂၃ နှစ်စကတည်းကပင် စစ်တပ်ကကျူးလွန်နေသည့် ရာဇဝတ်မှုများသည် ယခင်နှစ် ကထက် ပိုမိုများပြားလာသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ရှိထား ပြီးဖြစ်သည်။ ၂၀၂၃ ဇန်နဝါရီလအကုန်တွင် လူပေါင်း (၇၁) ဦးကို ဖမ်းဆီးပြီးဖြစ်သကဲ့သို့ (၄၈) ဦးကို ချုပ်နှောင်ထိန်းသိမ်းကာ (၅၈) ဦးကို ထိခိုက်ဒဏ်ရာရရှိစေပြီး (၂၄) ဦးကို မတရားသတ်ဖြတ်ခဲ့သည်။ နောက်ထပ် (၆) လအတွင်းတွင် အခြေအနေများ ပိုမိုဆိုးရွား လာသည်။ စစ်ဘေးရှောင်ပြည်သူအများစုမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ပြီး ယာယီစစ်ရှောင်စခန်းများတွင်သာ ခိုလှုံနေရသည်။ စစ်ရှောင်ပြည်သူများ နေထိုင်ရာ နေရာများကို တိုက်ခိုက်ရန်ပင် စစ်ကောင်စီက ဝန်မလေးချေ။

၂၀၂၃ ဇန်နဝါရီလမှ ဇွန်လအတွင်း ကရင်၊ မွန်နှင့် တနင်္သာရီဒေသများတွင် အောက်ဖော်ပြပါ အရေးပါသည့် တွေ့ရှိချက်များကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ခဲ့သည်။

| | |
|---|---|
| ၁၄၆+ | မ တ ရား သ တ် ဖြ တ် ခံ ရ သူ ဦးရေ |
| ၃၁၅+ | ထိခိုက်ဒဏ်ရာရသူဦးရေ |
| ၅၂၀+ | မ တ ရား ဖ မ်း ဆီး ခံ ရ သူ ဦး ရေ |
| ၃၂၀+ | မတရားချုပ်နှောင်ထိန်းသိမ်း ခံရသူဦးရေ ဦးရေ |



၄၈၀+ မီးရှို့ဖျက်ဆီးခံရသည့်အိမ်ခြေအရေအတွက်

၆၈+ ဖျက်ဆီးခံလိုက်ရသည့်ကျေးရွာအရေအတွက်

၇၇+ ဖျက်ဆီးခံလိုက်ရသည့် ပြည်သူပိုင်အခြေခံအဆောက်အဦး အရေအတွက် (ဘုရားရှိခိုးကျောင်း (၈) ကျောင်းကျော်၊ ဘုန်းတော်ကြီး ကျောင်း (၂၂) ကျောင်းကျော်၊ စာသင်ကျောင်း (၃၅) ကျောင်းကျော်၊ ဆေးရုံ (၇) ရုံကျော် အပါအဝင်ဖြစ်သည်)

၂၀၂၃ ဇန်နဝါရီလမှ ဇွန်လအတွင်း ကရင်၊ မွန်နှင့် တနင်္သာရီဒေသမှ နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသူအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| ၂၀၂၃ ဇန်နဝါရီလ | ၂၄,၇၀၀+ ဦး |
| ၂၀၂၃ ဖေဖော်ဝါရီလ | ၁၆,၉၀၀+ ဦး |
| ၂၀၂၃ မတ်လ | ၁၃,၀၀၀+ ဦး |
| ၂၀၂၃ ဧပြီလ | ၂၄,၅၀၀+ ဦး |
| ၂၀၂၃ မေလ | ၂၇,၀၀၀+ ဦး |
| ၂၀၂၃ ဇွန်လ | ၂၀,၀၀၀+ ဦး |

## လေကြောင်းတိုက်ခိုက်မှုအကြိမ်ပေါင်း ၁၄၀+ ကြိမ်

**၈+**

ပဋိပက္ခဒေသတွင်ဖြစ်ပွားခဲ့သော လိင်အကြမ်းဖက်မှု

**၆၀၀ +**

ဘုရားကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများကို ထိခိုက်ပျက်စီးစေသည့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုအရေအတွက်

**၁၈၀ +**

မတရားဖမ်းဆီးခေါ်ဆောင်မှု

ညှဉ်းပန်းနှိပ်စက်မှု ၁၅၁+

အဆက်အသွယ်ပြတ် ပျောက်ဆုံးနေမှု ၃၂-၃၅ မှု

နိုင်ငံရေးသမားများကို ပစ်မှတ်ထားမှု ၂၅+ မှု

နိုင်ငံရေးသမားများကို ဖမ်းဆီးထိန်းသိမ်းမှု ၂၂+ မှု

# ပြည်သူလူထု၏ ခုခံတော်လှန်မှုပုံစံများ

ဤအခန်းကဏ္ဍတွင် စစ်အာဏာရှင်စနစ်အပေါ် မြန်မာနိုင်ငံရှိအရပ်သားပြည်သူများ၏ ခုခံတော်လှန်မှုပုံစံအမျိုးမျိုးကို မီးမောင်းထိုးတင်ပြသွားမည် ဖြစ်သည်။ ရပ်တည်မှုနှင့် အသက်ရှင်နေထိုင်မှုများ ခြိမ်းခြောက်ခံနေရသော်လည်း စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းပပျောက်သွားစေရန်နှင့် ကာလကြာရှည်တည်ရှိလာသည့် စစ်တပ်က ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေမှုအစဉ်အလာကို အဆုံးသတ်ရန် ပြည်သူများက မည်သို့မည်ပုံ စည်းလုံးလုပ်ကိုင် နည်းလမ်းရှာဖွေဆောင်ရွက်နေသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက စောင့်ကြည့်လေ့လာမှတ်တမ်းတင်ခဲ့သည်။

## ဆန္ဒပြမှုများ

၂၀၂၃ ဇန်နဝါရီလမှ ဖွန်လအတွင်း ကရင်၊ မွန်နှင့် တနင်္သာရီဒေသများတွင် ဆန္ဒပြမှုပေါင်း (၅၀) မှု ဖြစ်ပွားခဲ့သည်။ ဤအရေအတွက်သည် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်များနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသော်လည်း စစ်တပ်၏အုပ်ချုပ်မှုကို ပြည်သူများက လုံးဝလက်မခံကြောင်းကို ခိုင်ခိုင်မာမာပြသနေသည့် ကိန်းဂဏန်းအရေအတွက်များ ဖြစ်သည်။ တစ်ပြိုင်နက်တည်းတွင် ဆန္ဒပြသူများ၏ လုံခြုံရေးများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်စရာများဖြစ်လာသည်ကိုလည်း တွေ့မြင်လာရသည်။ ဆန္ဒပြမှုများတွင် စစ်ကောင်စီတပ်က ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ စစ်ကားများက လမ်းမများပေါ်သို့ မောင်းနှင်လာပြီး ဆန္ဒပြသူများကို ဝင်တိုက်ခဲ့သည်။ ဆန္ဒပြမှုများ အသံတိမ်ဝင်သွားသော်လည်း ပေးအပ်ချင်သည့်သတင်းစကားမှာ ရှင်းလင်းနေသည်။ မြန်မာ့မြေပေါ်တွင် စစ်အာဏာရှင်စနစ်အတွက် နေရာမရှိစေရ ဟူ၍ပင် ဖြစ်သည်။

စစ်ကျွန်ပြုမှုကို ဆန့်ကျင်ကြရာတွင် တက်ကြွသူလူငယ်လူရွယ်များက အဓိကကျကျ ပါဝင်နေသည်။ ဆန္ဒပြမှုများကို စုစည်းခြင်း၊ ဦးဆောင်ခြင်းအပြင် ဆန္ဒပြပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြသည်။ ရလဒ်အနေဖြင့် လူငယ်အချို့သည် ကိုလိုနီခေတ်ကတည်းကပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်ကို ကျင့်သုံးမိသဖြင့် အခြေအမြစ်မရှိသောစွပ်စွဲမှုများဖြင့် တရားစွဲဆိုခံခဲ့ရသည်။

### အသံတိတ်သပိတ်

မအောင်မြင်သည့်အာဏာသိမ်းမှု (၂) ပြည့်မြောက်ချိန် ၂၀၂၃ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် နိုင်ငံတဝန်းလုံးရှိပြည်သူများက အသံတိတ်သပိတ် ဆင်နွှဲပြီး စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေဆဲဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ မိတ်ဖက်သတင်းသမားများက ရိုက်ကူးထားသည့်ဓာတ်ပုံများတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ လမ်းမကြီးများတွင် လူသူကင်းမဲ့နေသည်။ ဈေးများ လမ်းမများသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ကပ်နေသည်။

နှစ်သစ်ကူးအခါသမယတွင်လည်း အသံတိတ်သပိတ်ကို ထပ်မံဆင်နွှဲကြပြန်သည်။ မဟာသင်္ကြန်ကဲ့သို့သော ပျော်စရာပွဲတော်များတွင် လူစည်ကားအောင်ပြုလုပ်ခြင်းဖြင့် စစ်ကောင်စီက ၎င်းတို့၏တရားဝင်မှုကို ချပြချင်နေသည်။ လက်ရှိအခြေအနေများသည် ပုံမှန်အနေအထားသို့ ရောက်ရှိနေကြောင်း ၎င်းတို့က ပုံမှားရိုက်ချင်သည်။ သို့သော် ပြည်သူများက ၎င်းတို့ကျင်းပသော ပွဲတော်မုန်သမျှကို သပိတ်မှောက်ပြီး အသံတိတ်သပိတ်တွင် ပါဝင်ဆင်နွှဲခြင်းအားဖြင့် စစ်အာဏာရှင်စနစ်ကို အဆုံးထိဆက်လက်ဆန့်ကျင်နေကြောင်း ပြသခဲ့ကြသည်။

## ပန်းသပိတ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၈) နှစ်မြောက်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်၊ မွန်နှင့် တနင်္သာရီဒေသများတွင် ဇွန်လ (၁၉) ရက်နေ့၌ ပန်းသပိတ်များ ဆင်နွှဲခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခြားသောနိုင်ငံရေးအကျဉ်းသားများကို ဂုဏ်ပြုသောအားဖြင့် ဇွန် (၁၅) ပန်းသပိတ်တွင် ပါဝင်ကြရန် အထွေထွေသပိတ်ကော်မတီ (GSCB) က တိုက်တွန်းနှိုးဆော်ခဲ့သည်။ ၂၀၂၁ မအောင်မြင်သောအာဏာသိမ်းမှုပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ကို အမှတ်ရဂုဏ်ပြုသောအားဖြင့် ပန်းသပိတ်ကို ဆင်နွှဲလာကြခြင်းဖြစ်သည်။

“ဒီလိုလူစုလူဝေးတွေ ဆန္ဒပြပွဲတွေကို စစ်ကောင်စီက တွေ့ရင် သေနတ်နဲ့ ပစ်တာပဲ။ ပြည်သူတွေရဲ့အသံကို ဘယ်လိုပဲ တိတ်အောင်လုပ်လုပ် ဒီလိုသတ္တိရှိတဲ့လူငယ်တွေကို မြင်ရတာ အထင်ကြီးလေးစားဖို့ကောင်းတယ်” အသက် (၅၅) နှစ်အရွယ် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ပြောသည်။

မွန်ပြည်နယ်၌ ပန်းသပိတ်တွင်ပါဝင်မှုဖြင့် ဒေသခံပြည်သူ (၉) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ (၁၉) ရက်နေ့မနက်ပိုင်းတွင် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် “သစ်ခွမင်းသမီး” ပန်းဆိုင်မှ မန်နေဂျာ၊ ဝန်းထမ်းနှင့် ပန်းဝယ်သူ (၉) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ပန်းဆိုင်မှဝန်ထမ်းများသည် အောင်သပြေနှင့် နှင်းဆီပန်းများကို ဆိုင်ရှေ့တွင် အခမဲ့ပေးဝေနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ စစ်တပ်က ဖမ်းဆီးထားသူများကို ဇေယျာသီရိရဲစခန်းသို့ ပို့ဆောင်ခဲ့ပြီး ပန်းဆိုင်ကိုလည်း ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

အမှီအခိုကင်းသည့်အဖွဲ့များမှ သတင်းအချက်အလက်များအရ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင် နိုင်ငံတဝန်းလုံးမှ ပန်းစည်းကိုင်ဆောင်သူ၊ ပန်းပန်သူနှင့် ပန်းပေးဝေသူ အနည်းဆုံး လူ (၁၄၀) ဦးခန့်ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ပန်းသပိတ်ပြီးဆုံးပြီးနောက်တစ်နေ့တွင် ရေဖြူမြို့နယ် ကံပေါက်ဒေသ ဖောင်တောကျေးရွာမှ အသက် (၄၀) နှင့် (၅၀) ကြားရှိ အမျိုးသမီး (၄) ဦးကို စစ်ကောက်စီက ဖမ်းဆီးခဲ့သည်။







(ဓာတ်ပုံ။ ။ ဒေသခံများ၏ပြောကြားချက်အရ ဇွန် (၂၀) ရက်နေ့ နံနက် (၇) နာရီတွင် ရေဖြူမြို့နယ် ကံပေါက်ဒေသ ဖောင်တောကျေးရွာမှ အသက် (၄၀) နှင့် (၅၀) ကြားရှိ အမျိုးသမီး (၄) ဦးကို မောရဝတီရေတပ်က ဖမ်းဆီးခဲ့သည်။)

စစ်သားများက ဖောင်တောကျေးရွာကို ရောက်ရှိလာပြီး အမျိုးသမီး (၄) ဦးကို ဖမ်းဆီးကာ ည (၁၀) နာရီခန့်တွင် ပြန်လည်ထွက်ခွာသွားကြောင်း ရွာသားများက ပြောသည်။ ဖမ်းဆီးခံရသူများမှာ ဒေါ်စုဝေ၊ ဒေါ်နှင်းမြင့်နှင့် ၎င်း၏ညီမများဖြစ်သူ ဒေါ်မီးချိုနှင့် ဒေါ်မီးလေးတို့ ဖြစ်သည်။

**"ဇွန် (၁၉) ပန်းသပိတ်နေ့က လိုင်းပေါ်မှာတင်ထားတဲ့သူတို့ပုံတွေနဲ့ စစ်တပ်က လာဖမ်းတာ"** ဟု ဖောင်တောရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။ ဖမ်းဆီးထားသူများအနက် ဒေါ်စုဝေနှင့် ညီမဖြစ်သူတို့ကို လအနည်းငယ် စစ်ဆေးမေးမြန်းပြီးနောက် စစ်တပ်က ပြန်လည်လွှတ်ပေးခဲ့သည်။

အလားတူ ကံပေါက်ဒေသမှ ပုဂ္ဂလိကမူကြိုကျောင်းပိုင်ရှင်ဖြစ်သူ မဥမ္မာအောင်နှင့် ခင်ပွန်းဖြစ်သူတို့ကို ဇွန်လ (၁၉) ရက်နေ့တွင်ပင် စစ်တပ်က ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် ဖောင်တောရွာသားများ ဖြစ်သည်။ ဇွန်လ (၁၉) နှင့် (၂၀) ရက်နေ့ (၂) ရက်တာအတွင်း စစ်တပ်က ကံပေါက်ဒေသ ဖောင်တောကျေးရွာမှ ဒေသခံပြည်သူ (၆) ဦးကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

## ဒေသန္တရအစိုးရနှင့် ဖက်ဒရယ်အုတ်မြစ်များ တည်ထောင်ခြင်း

အာဏာသိမ်းပြီးနောက် မွန်လူမျိုးတို့သည်လည်း ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီများက စစ်တပ်နှင့် ဆွေးနွေးညှိနှိုင်းရန် ဆုံးဖြတ်ခဲ့သော်လည်း ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို စစ်တပ်က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်လာသည့်အခါ နောက်ထပ်ရွေးချယ်စရာများ ရှိလာသည်။

စစ်တပ်နှင့်ပူးပေါင်းလုပ်ကိုင်နေသည့် မွန်ညီညွတ်ရေးပါတီနှင့်ပတ်သက်ပြီး မွန်ပြည်သူများအကြား သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာပြီး ပြည်သူအများစုမှာ စစ်အာဏာရှင်စနစ်ကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ခဲ့ကြသည်။ စစ်တပ်၏ဒေါက်တိုင်များကွဲအက်လာပြီး စစ်တပ်မိတ်ဖက်နိုင်ငံရေးပါတီများ၊ နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်အရ စစ်တပ်နှင့်ဆွေးနွေးနေသည့် အင်အားစုများ၊ ရှေ့တန်းစစ်မြေပြင်တွင်လည်းကောင်း နိုင်ငံရေးစစ်မျက်နှာတွင်လည်းကောင်း စစ်ကောင်စီကိုတွန်းလှန်တိုက်ခိုက်နေသူများအကြား ကွဲပြားမှုများ ပေါ်ပေါက်လာသည်။

မွန်လူမျိုးတို့၏အန္တိမပန်းတိုင်သည် ဖက်ဒရယ်ဒီမိုကရေစီ ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုအားကောင်းသည့်စနစ်မျိုး မဟုတ်။ မွန်လူမျိုးတို့၏ဆန္ဒကို ကိုယ်စားပြုပြီး ဖက်ဒရယ်ယူနစ်များကို အားကောင်းဖွံ့ဖြိုးစေမည့် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်စနစ်သာ ဖြစ်သည်။ မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီတွင် ဌာန (၁၀) ခု ပါဝင်သည်။ ပညာရေး၊ ကျန်းမာရေး၊ သတင်းထုတ်ပြန်ရေး၊ လူသားချင်းစာနာထောက်ထားမှု ကူညီပေးရေးစသည့်ဌာနများ ပါဝင်သည်။

စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ခိုက်ရာတွင် ပါဝင်လာကြရန် မွန်လူမျိုးများကို မွန်ပြည်နယ်ဒေသန္တရအစိုးရက တိုက်တွန်းနှိုးဆော်သည်။ တစ်ချိန်တည်းတွင်ပင် မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စုကို တောင်းဆိုသည်။ ၂၀၂၃ ဇန်နဝါရီ (၂၂) ရက်နေ့တွင် ပထမအကြိမ်ညီလာခံ ကျင်းပပြီးနောက် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မအောင်မြင်သည့်အာဏာသိမ်းမှုပြီးနောက် မွန်လူမျိုးများသည် မွန်ပြည်နယ်ကြားကာလပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းကာ စစ်အာဏာရှင်ကို တွန်းလှန်ခဲ့သည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ မွန်ပြည်နယ်ကြားကာလပူးပေါင်းဆောင်ရွက်ရေးကော်မတီကို မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မွန်ပြည်သူများလိုလားသည့် ဖက်ဒရယ်ပြည်ထောင်စုယူနစ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီတွင် လူထုအခြေပြုအဖွဲ့အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များ၊ အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းလိုသူ (CDM) အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် သပိတ်ကော်မတီများ ပါဝင်သည်။ မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီတွင် ဗဟိုကော်မတီ (၃) ခု ရှိပြီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကော်မတီများ ဖြစ်သည်။ အုပ်ချုပ်ရေးကော်မတီအောက်တွင် ဌာန (၁၀) ခု ဖွဲ့စည်းထားသည်။ မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီသည် ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရေး၊ အရေးပေါ်အကူအညီပေးအပ်နိုင်ရေးနှင့် မွန်ဒေသတွင်းရှိ ပဋိပက္ခနေရာများတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်နိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေသည်။ အမျိုးသားညီညွတ်ရေးကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့နှင့် ပူးပေါင်းဆောင်ရွက်နေပြီး ဖက်ဒရယ်ဒီမိုကရေစီချာတာများကို ပြည်သူများ ပိုမိုသိရှိနားလည်လာစေရန်နှင့် မွန်ဒေသအတွင်းရှိ အခြေအနေများကို အများပြည်သူထံ သတင်းထုတ်ပြန်ပေးနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

လက်ရှိကာလတွင် မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီ၏ အလုပ်မှုဆောင်ကော်မတီက ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် နီးနီးကပ်ကပ်ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ အတုအယောင်ရွေးကောက်ပွဲနှင့် နိုင်ငံရေးဆွေးနွေးမှုများက စစ်မှန်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ယူဆောင်ပေးနိုင်မည်မဟုတ်ကြောင်း မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီက ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မွန်ပြည်သူများအနေဖြင့် တော်လှန်ရေးတွင် ပူးပေါင်းပါဝင်ကြရန် ကောင်စီက တိုက်တွန်းနှိုးဆော်နေသည်။

ဖက်ဒရယ်စနစ်သည် လူထုတော်လှန်ရေးအတွက် မရှိမဖြစ်ပန်းတိုင် ဖြစ်သည်။ စစ်တပ်ကရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်စနစ်ကို အသိအမှတ်မပြုချေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စစ်မှန်သည့်ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ပေါက်ရန်အတွက် လှည်းနေလှေအောင်း မြင်းစောင်းမကျန် ပြည်သူလူထုအားလုံး အတူတကွ ကြိုးပမ်းလုပ်ဆောင်နေခြင်း ဖြစ်သည်။

## အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ဆက်လက်ပါဝင်ခြင်း

အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုကို အလုပ်သမားနှင့် ဝန်ထမ်းများ တစ်ဦးချင်းစီက စတင်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးဌာနများ၊ ဘဏ်များနှင့် ကုမ္ပဏီများမှ အလုပ်သမားများက ၎င်းတို့၏လုပ်ပိုင်ခွင့်ကို စွန့်လွှတ်ပြီး စစ်ကောင်စီကို အမှုထမ်းမည်မဟုတ်ကြောင်း ပြသခဲ့ကြသည်။ အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများ၊ ဆက်လက်ပါဝင်နေသူများသည် များပြားသောစွန့်လွှတ်အနစ်နာခံမှုကို ပြုလုပ်ခဲ့ရသည်။ ဝင်ငွေမရှိဘဲ ဆက်လက်ရပ်တည်နိုင်ရန် စိန်ခေါ်မှုအများအပြားကို ရင်ဆိုင်ခဲ့ရသည်။ စစ်တပ်၏ဖမ်းဆီးခြင်းမှ လွတ်မြောက်ရန် နေ့စဉ်နေ့တိုင်းထွက်ပြေးတိမ်းရှောင်နေရသည်။ အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်သူများနှင့် ၎င်းတို့ကို ငွေကြေးအကူအညီထောက်ပံ့သူများကို စစ်ကောင်စီက မတရားအမှုဆင်ဖမ်းဆီးကာ ထောင်ဒဏ်ချမှတ်နေပြီး သတ်ဖြတ်မှုအထိ လုပ်ဆောင်နေသည်။

အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်သူများသည် နွေဦးတော်လှန်ရေး၏ အခြေခံဒေါက်တိုင်တစ်ခု ဖြစ်သည်။ ကျေးလက်မြို့ပြ နောက်ခံမတူညီသည့် လူ့အဖွဲ့အစည်းအားလုံးကို စုစည်းညီညွတ်စေသည်။ အာဏာရှင်ဖြုတ်ချရေးအတွက် အတူတကွလုပ်ဆောင်ရန် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်စေသည်။ အလွှာအသီးသီးက ပညာရှင်များ ပါဝင်နေပြီး ၎င်းတို့သည် တော်လှန်ရေးအင်အားစုများအတွက် အထောက်အပံ့များ ဖြစ်လာသည်။ ဥပမာအားဖြင့် ဆေးပညာတတ်ကျွမ်းသူများက တိုက်ပွဲတွင်ဒဏ်ရာရလာသူ တော်လှန်ရေးရဲဘော်များကို ဆေးကုသပေးသည်။ ၎င်းပြင် ပညာရေးနှင့် ဆောက်လုပ်ရေးပညာရှင်များက လိုအပ်ရာနေရာ ကျရာတာဝန်များကို ဖြည့်ဆည်းထမ်းဆောင်နေကြသည်။ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဆရာမများအပါအဝင် အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်သူများကို စစ်ကောင်စီက ဆက်လက်ပစ်မှတ်ထားနေသည်။

၂၀၂၃ ဖေဖော်ဝါရီလတွင် မွန်ပြည်နယ်စစ်ကောင်စီက ၂၀၂၃ ဇန်နဝါရီလလယ်တွင် စရဖတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည့် အသက် (၄၀) အရွယ် CDM ကျောင်းဆရာမတစ်ဦးဖြစ်သူ မဖြူဖြူဝင်းကို ရာဇသတ်ကြီးပုဒ်မ (၅၀၅) ဖြင့် တရားစွဲဆိုခဲ့ကြောင်း မိသားစုဝင်များက ပြောသည်။ မဖြူဖြူဝင်းသည် လုပ်သက် (၁၅) နှစ်ရှိ အတွေ့အကြုံပြည့်ဝသည့်ကျောင်းဆရာမတစ်ဦး ဖြစ်သည်။ မုဒုံမြို့ ပိန္နဲတိုက်ရပ်ကွက်တွင် နေထိုင်ပြီး ကျောင်းဆရာမတာဝန်ကို ထမ်းဆောင်နေသူ ဖြစ်သည်။

"မုဒုံမြို့နယ်တစ်ခုလုံးမှာ မဖြူဖြူဝင်းအပါအဝင် CDM ကျောင်းဆရာဆရာမ (၁၃) ဦး အဖမ်းခံလိုက်ရတယ်။ သူတို့ရဲ့ နိုင်ငံရေးယုံကြည်ချက်၊ တက်ကြွလှုပ်ရှားမှုနဲ့ နွေဦးတော်လှန်ရေးနဲ့အတူ ရပ်တည်မှုတို့ကြောင့် အဖမ်းခံရတာ ဖြစ်တယ်" ဟု ရှေ့နေတစ်ဦးက ပြောသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ မွန်ကျေးရွာတစ်ရွာဖြစ်သည့် ကော့ဘိန်းကျေးရွာမှ ဒေသခံပြည်သူ (၁၅) ဦးနှင့် CDM တက်ကြွလှုပ်ရှားသူ (၅) ဦးသည် မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်ရာ လွတ်မြောက်နယ်မြေသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

"သူတို့က ၂၀၂၃ ဖေဖော်ဝါရီလကနေ မေလအတွင်းမှာ ထွက်ပြေးတိမ်းရှောင်နေရတာပေါ့။ သူတို့က အဖွဲ့ (၃) ဖွဲ့ ခွဲပြီး ဝင်လာကြတာ။ သူတို့ထွက်ပြေးလာတော့ သူတို့မိသားစုဝင်တွေကို စစ်တပ်က ခြိမ်းခြောက်တယ်။ ဒါကြောင့် ဆယ်ကျော်သက်မိသားစုဝင်တွေကတော့ ထိုင်းဘက်ကို တရားမဝင်လမ်းကြောင်းကနေ ထွက်ပြေးသွားရတယ်"

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများက တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်ရာဒေသသို့ ထွက်ပြေးခိုလှုံလာသည့် CDM အဖွဲ့ဝင်များကို ကူညီထောက်ပံ့ပေးကြသည်။ ၎င်းတို့အနက် တစ်ချို့အဖွဲ့ဝင်များသည် စစ်ဘေးရှောင်ကျေးရွာများတွင် နေထိုင်ပြီး ကလေးသူငယ်များကို စာသင်ပေးလျက်ရှိသည်။ တစ်ချို့က ယခုကဲ့သို့ခက်ခဲကြပ်တည်းသည့်ကာလတွင် အစားအစာများ ထုတ်လုပ်နိုင်ရန် ဒေသခံရွာသူရွာသားများကို ကူညီပေးလျက်ရှိသည်။

**"တော်လှန်ရေးက ရှည်ကြာလာတာနဲ့အမျှ CDM တွေကို မေ့လျော့လာကြတယ်။ စစ်တပ်က မတရားဘူးဆိုတာ ကျွန်တော်/မတို့ သိတယ်။ ဒါကြောင့် ကျွန်တော်/မတို့ ယုံကြည်တဲ့အတိုင်း စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ခိုက်နေဦးမှာပဲ။ ရောက်တဲ့နေရာမှ ရအောင်ရှင်သန်မယ်။ ကျွန်တော်/မတို့ လုပ်အားနဲ့ ဒေသခံလူထုကို အကျိုးပြုမယ်။ ကျွန်တော်တို့နေတဲ့နေရာက ဒေသခံအဖွဲ့အစည်းတွေနဲ့ လက်တွဲအလုပ်လုပ်မယ်။ တစ်နေ့ကျရင် လွတ်လပ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဆီကို ကျွန်တော်/မတို့ ပြန်သွားနိုင်ရမယ်" ဟု  CDM အဖွဲ့ဝင်တစ်ဦးက ပြောသည်။**

“ကျွန်မတို့က ဒုက္ခတောထဲ ရောက်နေတယ်ဆိုပေမဲ့ ကျွန်မတို့ရဲ့ ခုခံတော်လှန်မှုက အားကောင်းနေဆဲပါပဲ။ အသက်ရှင်ဖို့အတွက် အခက်အခဲပေါင်းစုံကို ကျွန်မတို့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ပြီးပြီ။ လူထုအခြေပြုအဖွဲ့တွေ တော်လှန်ရေး မဟာမိတ်တွေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဒေသခံလူမှုအသိုင်းအဝိုင်းတွေရဲ့ အကူအညီတွေ အများကြီးရခဲ့တယ်။ ကျွန်မတစ်ယောက်တည်းအနေနဲ့ကတော့ တော်လှန်ရေးကို ပိုမိုလုပ်နိုင်ဖို့ ကျွန်မရဲ့စိတ်ကို အများကြီးပြင်ဆင်ထားမယ်။ တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမမယ်” ဟု အသက် (၃၀) အရွယ် CDM ဆရာဝန်တစ်ဦးက ပြောသည်။

အဆိုပါဆရာဝန်သည် ယခုဒေသသို့ရောက်ရှိလာသည်မှာ (၂) နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုအခါ ၎င်းသည် တိုင်းရင်းသားကျန်းမာရေးဌာနလက်အောက်ရှိ ရှေ့တန်းကျန်းမာရေးအဖွဲ့တစ်ခု၏ ဆေးမှူးပင် ဖြစ်နေပြီဖြစ်သည်။

## လူမှုကွန်ရက်ပေါ်မှ စေ့ဆော်လှုပ်ရှားမှုများ

လူငယ်လူရွယ်များသည် လူမှုကွန်ရက်ကို ပိုမိုသုံးစွဲကြသည်။ ၎င်းတို့၏လူမှုကွန်ရက်တွင်ပင် စေ့ဆော်လှုပ်ရှားမှုများကို လုပ်ဆောင်ကြသည်၊ ဦးဆောင်ကြသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် နေထိုင်နေကြသည့်လူငယ်လူရွယ်များသည် စစ်အာဏာရှင်၏ဖိနှိပ်မှုအမျိုးမျိုးကို (၂) နှစ်ကျော် ခုခံတော်လှန်ခဲ့ပြီးဖြစ်သည်။ ကရင်၊ မွန်နှင့် တနင်္သာရီဒေသများက ငယ်ရွယ်သောတက်ကြွလှုပ်ရှားသူများ၏ ခုခံတော်လှန်မှုများသည် စစ်ကောင်စီ၏ဖိနှိပ်မှုများကြောင့် နှေးကွေးလာသည်။ သို့သော် လူငယ်များက ၎င်းတို့၏ခုခံတော်လှန်မှုနည်းဗျူဟာများကို ပြောင်းလဲလာကြသည်။ ဥပမာအားဖြင့် မြေပြင်တွင် လှုပ်ရှားခြင်းထက် လူမှုကွန်ရက်တွင် လှုပ်ရှားမှုနည်းလမ်းကို ပြောင်းလဲရွေးချယ်လာသည်။ လူမှုကွန်ရက်တွင် ၎င်းတို့ပြုလုပ်နေသည့် စေ့ဆော်လှုပ်ရှားမှုများကို အပိုင်း (၃) ပိုင်းအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

- **လူမှုကွန်ရက်တွင် ခုခံတော်လှန်ခြင်း**
- **လူမှုကွန်ရက်မှတဆင့် ရန်ပုံငွေရှာဖွေခြင်း**
- **လူမှုကွန်ရက်နည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်ခြင်း**

ကျွန်ုပ်တို့၏စီမံကိန်းဧရိယာအတွင်းရှိ ပြည်သူများသည် စစ်အာဏာရှင်ကိုဆန့်ကျင်သည့် ဆန္ဒပြမှုအမျိုးမျိုးကို လုပ်ဆောင်ခဲ့ကြသည်။ မွန်ပြည်နယ်တွင် လဂွန်းအိမ်စာစဉ်၊ Rehmonnya FM နှင့် အခြားသော မြို့နယ်အခြေပြု လူငယ်ကွန်ရက် (၂) ခုက လူမှုကွန်ရက်လမ်းကြောင်းမှတဆင့် စစ်အာဏာရှင်ကိုဆန့်ကျင်သည့် လှုပ်ရှားမှုများနှင့် စေ့ဆော်မှုများကို ပြုလုပ်နေသည်။ ၂၀၂၁ ဖေဖော်ဝါရီလမှစတင်၍ စေ့ဆော်လှုပ်ရှားမှုများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်နေပြီး အရေးပါသည့်အထိမ်းအမှတ်နေ့များတွင်လည်း အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုကို မပျက်မကွက်ပါဝင်လုပ်ဆောင်ခဲ့သည်။ ၂၀၂၃ ဇန်နဝါရီလမှ ဇွန်လအထိ (၆) လတာ ကာလအတွင်း စေ့ဆော်လှုပ်ရှားမှု အနည်းဆုံး (၃) ခုကို လုပ်ဆောင်နိုင်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုများတွင် ၂၀၂၃ ဇန်နဝါရီလ (၄) ရက်နေ့က စစ်ကောင်စီက ကြီးမှူးကျင်းပသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတော်တွင် ပြည်သူများကပါဝင်ဆင်နွှဲခြင်း မပြုကြရန် တိုက်တွန်းစေ့ဆော်မှုလည်း ပါဝင်သည်။ “စစ်ကျွန်ဘဝမှ လွတ်မြောက်ဖို့ ငါတို့ကိုယ်တိုင် ရုန်းထွက်စို့” “အတုအယောင်လွတ်လပ်ရေး အလိုမရှိ” “ဖက်စစ်စစ်တပ် အမြစ်ဖြတ်” “လွတ်မြောက်ကြစို့” စသည့် ကြွေးကြော်သံပါစာရွက်များကို လူငယ်များက ဦးဆောင်ပြီး ဖြန့်ဝေခဲ့ကြသည်။

၂၀၂၃ ဧပြီလတွင် လူမှုကွန်ရက်ပေါ်က စေ့ဆော်လှုပ်ရှားမှုတစ်ခုကို လူငယ်များက ဦးဆောင်ခဲ့ပြီး စစ်ကောင်စီကကျင်းပသည့် အတာသင်္ကြန်နှစ်ကူးပွဲတော်ကို ပြည်သူများက ငြင်းဆန်ကြရန် တိုက်တွန်းစေ့ဆော်ခဲ့သည်။ “တော်လှန်သင်္ကြန်” ဟူသောခေါင်းစဉ်ဖြင့် လက်ရှိဖြစ်ပွားနေသည့်အကြမ်းဖက်မှုများကို သင်္ကြန်ပွဲတော်ဖြင့် ဖုံးကွယ်ရန် ကြိုးပမ်းနေသည့် စစ်ကောင်စီ၏အစီအစဉ်ကို ဆန့်ကျင်ခဲ့ကြသည်။ အထွေထွေသပိတ်ကော်မတီဦးဆောင်မှုဖြင့် လူငယ်များဦးဆောင်နေသည့် လူမှုကွန်ရက်ပလက်ဖောင်းများက စေ့ဆော်လှုပ်ရှားမှုများနှင့် ကန့်ကွက်ဆန္ဒပြမှုများကို ပုံမှန်စည်းရုံးလုပ်ကိုင်လျက်ရှိသည်။

# လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုနှင့် အမှန်တရား ရှာဖွေရေး

ကိုလိုနီခေတ်ကတည်းကပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို အသုံးပြုပြီး စစ်ကောင်စီက အပြောင်းအလဲကိုတောင်းဆိုနေသည့် ပြည်သူလူထုကို ဖိနှိပ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းများက ပစ်မှတ်ထားခံနေရသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အတွေ့အကြုံများကို အစီရင်ခံစာများတွင် မှတ်တမ်းတင်ဖော်ပြလျက်ရှိသည်။

တိုင်းရင်းသားဒေသများတွင် စစ်တပ်က တပ်စွဲနေထိုင်မှုပိုမိုပြုလုပ်လာသည့် ယခုကဲ့သို့သောအချိန်ကာလတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် အရေးပေါ်ကာလဖြစ်နေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအနေဖြင့် စစ်အာဏာသိမ်းမှုကို ဝေဖန်ပြစ်တင်ခြင်းကြောင့် မတရားဖမ်းဆီးမှုနှင့် ချုပ်နှောင်ထိန်းသိမ်းမှုတို့ကို အချိန်မရွေးကြုံတွေ့နိုင်သည်။ စစ်ကောင်စီက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို လက်ကိုင်တုတ်အဖြစ်အသုံးပြု၍ ခွင့်ပြုချက်မရဘဲဆန္ဒပြသူများကို ဖမ်းဆီးအရေးယူနေသည်။

အဆိုပါရာဇသတ်ကြီးပုဒ်မက ဆန္ဒပြသူများကို အသံတိတ်သွားစေပြီး စစ်တပ်ကိုဆန့်ကျင်သည့်အပြုအမူများ မပြုလုပ်ရန် ခြိမ်းခြောက်နေသည်။ တက်ကြွလှုပ်ရှားသူများအနေဖြင့် တရားရုံးနှင့် တရားခွင်များတွင် လွတ်လပ်မျှတသည့် တရားစီရင်ရေးစနစ်ကို မရရှိကြချေ။ တရားစီရင်ရေးစနစ်တစ်ခုလုံးသည် အထက်မှအောက်ခြေအထိ အကျင့်ပျက်ခြစားနေသဖြင့် ယုံကြည်စိတ်ချရသည့် တရားဥပဒေလုပ်ထုံးလုပ်နည်းများကို မရရှိနိုင်ချေ။ တရားရင်ဆိုင်နေရသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် အလွန့်အလွန်အန္တရာယ်ကြီးသည့်အခြေအနေ ဖြစ်သည်။

ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်သူများကို ခြိမ်းခြောက်ခြင်းသည် မြန်မာနိုင်ငံတွင် အမှန်တကယ်ဖြစ်ပွားနေသည်။ စစ်တပ်၏ စောင့်ကြည့်ခံရမှုမှ ရှောင်လွှဲနိုင်ရန်နှင့် ဝေးလံခေါင်သီသည့်နေရာများတွင် အန္တရာယ်ကင်းစွာ အလုပ်လုပ်နိုင်ရန်အတွက် ဒစ်ဂျစ်ဒယ်စနစ်ဆိုင်ရာလုံခြုံရေးကိရိယာများ လိုအပ်လာသည်။

The Network for Human Rights Documentation – Burma (ND-Burma) ၏ အဖွဲ့ဝင်အနေဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီလှုပ်ရှားမှုအောင်မြင်ရန်အတွက် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကို ဖော်ဆောင်ရန် အလွန်အရေးပါကြောင်း တိုက်တွန်းစေ့ဆော်လျက်ရှိသည်။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုတွင် ဒေါက်တိုင် (၄) ခု ပါဝင်ပြီး အမှန်တရားရှာဖွေခြင်း၊ တရားမျှတမှုဖော်ဆောင်ခြင်း၊ ပြန်လည်ကုစားမှုနည်းလမ်းများချမှတ်ခြင်းနှင့် (ချိုးဖောက်မှုများ) နောက်ထပ်တဖန် မဖြစ်ပွားစေခြင်း သို့မဟုတ် အခြေခံအင်အားစုများကို ပြုပြင်ပြောင်းလဲခြင်းတို့ ဖြစ်သည်။ စစ်တပ်၏အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာခဲ့သူများအတွက် တရားမျှတမှုပြန်လည်ရှာဖွေပေးရေးလမ်းစဉ်ကို စစ်တပ်က အာဏာမသိမ်းမီအချိန်ကလည်း ငြင်းဆိုခဲ့သကဲ့သို့ အာဏာသိမ်းပြီးနောက်တွင်လည်း ဆက်လက်ငြင်းဆိုနေဆဲဖြစ်သည်။

သာမန်ပြည်သူလူထုများအတွက်မူ လူမှုအသိုင်းအဝိုင်းတွင် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု၏သဘောတရားနှင့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နားလည်မှုပိုမိုရှိလာစေရန်နှင့် ပိုမိုသတိပြုလာစေရန် လိုအပ်နေသေးသည်။ ပြန်လည်ကုစားရေးအစီအစဉ်နှင့်ပတ်သက်ပြီး သတင်းအချက်အလက် ပိုမိုရရှိရန် လိုအပ်နေပြီး ဒေသန္တရအစိုးရများနှင့် ဖက်ဒရယ်ဥပဒေဆိုင်ရာမူဘောင်များ ရေးဆွဲရာတွင် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကဏ္ဍပါဝင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏ အနာဂတ်လူ့အခွင့်အရေးအခြေအနေနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအကြောင်းကို မြို့နယ်နှင့်ခရိုင်အဆင့် ဒေသန္တရအာဏာပိုင်များနှင့် ဆက်လက်စကားပြောဆိုဆွေးနွေးရမည်ဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့အားလုံး ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ ရပ်တန့်ပြီး ထိခိုက်နစ်နာခဲ့သူများကို ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် ယုံကြည်စိတ်ချရသည့်သတင်းအချက်အလက်များနှင့် မှတ်တမ်းများ ရှိရမည်ဖြစ်သည်။ ပြန်လည်ကုစားရေးအစီအစဉ် ပြုလုပ်ရာတွင် ယခုလက်ရှိပဋိပက္ခကာလအတွက်သာမဟုတ်ဘဲ ဆိုးရွားပြင်းထန်သည့်လူသားမဆန်မှုများကို နှစ်ပေါင်းများစွာကြုံတွေ့ခံစားခဲ့ရသည့် ထောင်ပေါင်းများစွာသော နစ်နာသူပြည်သူများအတွက်လည်း ဖြစ်စေရမည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာအတွင်းရှိ ပြည်သူများသည် ဗမာစစ်သားများ၏ တာဝန်ခံတာဝန်ယူမှုကင်းမဲ့ခြင်းအပေါ် လွန်စွာစိတ်ပျက်ဒေါသထွက်နေသည်။ ထိခိုက်နစ်နာသူများနှင့် ကျန်ရစ်သူများသည် ဗမာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကို ဆယ်စုနှစ်များစွာ ခံစားကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်းတွင်လည်း ပိုမိုဆိုးရွားသောအကြမ်းဖက်မှုများကို ဗမာစစ်တပ်က ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။ မြန်မာ့သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသောပြည်တွင်းစစ်အခြေအနေကို ကြုံတွေ့နေရခြင်း ဖြစ်သည်။

အကြမ်းဖက်မှုကိုရင်ဆိုင်ခံစားနေရသည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ ပြည်သူများက မင်းအောင်လှိုင်စစ်တပ်က ကျူးလွန်ခဲ့သောရာဇဝတ်မှုများသည် ခွင့်လွှတ်နိုင်စရာမရှိကြောင်း ပြောကြားခဲ့သည်။

# အနှစ်ချုပ်

စစ်ကောင်စီတပ်၏ တပ်မမှုများက ပြည်သူလူထု၏လုံခြုံရေးကို ထိပါးခြိမ်းခြောက်သည့် အမိန့်နှင့်ညွှန်ကြားချက်များကို မကြာခဏထုတ်ပြန်လေ့ရှိသည်။ ကရင်၊ မွန်နှင့် တနင်္သာရီဒေသများတွင် အခြေအနေများ ပိုမိုဆိုးရွားလာနေပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက လူ့အခွင့်အရေးချိုးဖောက်မှုများကို နေ့စဉ်တင်ပြအစီရင်ခံနေသည်။ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်နေမှုကြောင့် မိသားစုများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးနေရပြီး ၎င်းတို့၏ သက်မွေးဝမ်းကျောင်းမှုအရေးနှင့် ပညာရေးတို့ကို လစ်လျူရှုထားကြသည်။

သို့သော် မအောင်မြင်သည့်အာဏာသိမ်းမှု (၂) နှစ်ခွဲကျော် ကြာမြင့်လာသည့်နောက်ပိုင်းတွင် ကုလသမဂ္ဂက စစ်ကောင်စီနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုလုပ်ဆောင်လာသည်။ ကုလသမဂ္ဂ၏လုပ်ဆောင်ချက်သည် စစ်ကောင်စီကို နိုင်ငံတကာစင်မြင့်တွင် တရားဝင်မှု ပေးအပ်ရာရောက်သဖြင့် အလွန့်အလွန်အန္တရာယ်ကြီးမားသည့်လုပ်ဆောင်ချက် ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများ ပိုမိုဆိုးရွားနေချိန်တွင် ကုလသမဂ္ဂက အဘယ်ကြောင့် ထိုသို့လုပ်ဆောင်ရန် ဆုံးဖြတ်သည်ကို ပွင့်လင်းမြင်သာစွာချပြရန် ဒေသခံအဖွဲ့အစည်းများက တောင်းဆိုနေသည်။ စစ်ကောင်စီနှင့်ထိတွေ့ဆက်ဆံခြင်းသည် အကျိုးမဲ့ကိုဖြစ်စေသည့်လုပ်ရပ်ဖြစ်ပြီး ပြည်သူပေါင်းများစွာတို့၏ အသက်များကို အန္တရာယ်ဖြစ်စေသည့်လုပ်ရပ်ဖြစ်သည်။ ဗမာ့စစ်တပ်သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကြိမ်ကြိမ်ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်။

လူနေကျေးရွာများတွင် စစ်တပ်က လာရောက်တပ်စွဲခြင်းကြောင့် ပြည်သူတို့၏ အသက်ရှင်လုံခြုံမှုမှာ ခြိမ်းခြောက်ခြင်းခံနေရသည်။ အခြေအနေများသည် တစ်နေ့တစ်ခြား ပိုမိုဆိုးရွားလာသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးပေါ်လိုအပ်နေပြီး အဆိုပါအကူအညီများကို နယ်စပ်ဖြတ်ကျော် ပေးအပ်နိုင်ရန် အလွန်အရေးကြီးသည်။ ထိုသို့လုပ်ဆောင်နိုင်မှသာ ပေးအပ်သောအကူအညီများသည် အမှန်တကယ်လိုအပ်နေသူများထံ ကျိန်းသေရောက်ရှိမည်ဖြစ်သည်။ စစ်ရှောင်ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတကာ သဘောတူညီမှုများ၊ ဥပဒေများနှင့် စာချုပ်များကို ချိုးဖောက်ရာရောက်သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုပြားများစွာ ကျူးလွန်လာသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စိုးရိမ်လျက်ရှိပါသည်။ မအောင်မြင်သော အာဏာသိမ်းမှုသည် (၂) နှစ်ခွဲကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ စစ်ကောင်စီအနေဖြင့် တာဝန်ယူ တာဝန်ခံမှုများ လုံးဝမရှိချေ။ (ဗမာမဟုတ်သော)တိုင်းရင်းသားပြည်သူများသည် နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီးဖြစ်သည်။ ဗမာမှုပြုခြင်းမှ ဆင်းသက်လာသည့်မူဝါဒများကြောင့် နာကျင်ခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့ကို အရိုးစွဲအောင် ခံစားခဲ့ရပြီးဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် အာဆီယံ(ASEAN)အပါအဝင် ဒေသတွင်းအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးအတွက် မဆုတ်မနစ် တစိုက်မတ်မတ် ရပ်တည်တိုက်ပွဲဝင်လာသည့် မြန်မာပြည်သူများနှင့် အတူတကွရပ်တည်ရန် အချိန်လင့်နေပြီဖြစ်သည်။

# တိုက်တွန်းတောင်းဆိုချက်များ

အောက်ဖော်ပြပါတိုက်တွန်းတောင်းဆိုချက်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တောင်းဆိုသည်။

၁) မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂) ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ် စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှု တားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃) လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည် သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။


၄) စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများ တွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅) ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမို အားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန် လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူ တာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆) မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့ မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ် ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်။

၇) နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည် ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘောၤဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု များကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည်။

၈) ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံး ခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည် ထိခိုက် ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည်။




# မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိပြည်သူများ၏ ခုခံတော်လှန်မှုနှင့် ကျော်လွှားနိုင်စွမ်းများ

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

(၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိအခြေအနေများ)